## မောင်ဝံသ၏ အမှာ

မြန်မာပြန်သူ့အနေဖြင့် အနည်းငယ်တင်ပြလိုသည်မှာ ယခု ရှာဖွေ ဖော်ပြသော အဆိုအမိန့်များသည် သူ့နည်းသူ့ဟန်ဖြင့် ထင်ရှားခဲ့ကြသော နိုင်ငံတကာနိုင်ငံရေး လူမှုရေး ခေါင်းဆောင်အချို့၏ မှတ်ချက်စကားများကို ကောက်နုတ်ထားခြင်းဖြစ်ပါသည်။

နိုင်ငံရေးလောကကြီးကို ကောင်းစေလို၍ နိုင်ငံရေးသမားများက ဆန်ရှင်းနှာနှာဖွတ်သည့်အနေဖြင့် နိုင်ငံရေးကို သရော်လှောင်ပြောင် ဝေဖန် တိုက်ခိုက်ခဲ့ကြခြင်းဟု ဆိုနိုင်ပါသည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ကြခြင်းဟုပင် ပြောမည်ဆိုက ပြောနိုင်ပါသည်။

အချို့ကလည်း ကရုဏာဒေါသောဖြင့် နိုင်ငံရေးလောကကို ပြစ်တင်ခြင်း ဖြစ်နိုင်ပါသည်။

မည်သို့ရှိစေ ဤ နိုင်ငံရေးအဆိုအမိန့်များကို ကျွန်တော်မြန်မာပြန်၍ တင်ပြခြင်းသည် နိုင်ငံရေးကို ကြောက်စရာလောကဟု မမြင်စေလိုဘဲ သူသူငါငါတွေလိုပဲ ပျော်စရာလောကတစ်ခုဟု အများပြည်သူထင်မြင်ချက်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းချက်တစ်ရပ်သာ ဖြစ်ပါကြောင်း။

ဤ နိုင်ငံရေးဟာကိုး စကားကိုးများကို "နိုင်ငံရေးအဆိုအမိန့်များ" ခေါင်းစဉ်ဖြင့် ၇ ရက်သတင်းဂျာနယ်တွင် နှစ်နှစ်ကျော်မျှ အပတ်စဉ် ဖော်ပြခဲ့ပါသည်။ ဂရုတစိုက် အလေးထား၍ ဖော်ပြပေးခဲ့သော ၇ ရက်သတင်းဂျာနယ် အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ပါသည်။

မောင်ဝံသ




Otto Von Bismarck (1 April 1815 – 30 July 1898), German-Prussian statesman of the late 19th century.

"Politics is the art of the possible."

Otto Von Bismarck

"နိုင်ငံရေးဆိုတာ ယုတ္တိတန်တာကို လုပ်တတ်တဲ့ပညာ ဖြစ်တယ်"

- အော်တို ဗွန် ဘစ္စမတ်။



John Kenneth "Ken" Galbraith (October 15, 1908 – April 29, 2006, Canadian-American economist

"Politics is not the art of the possible. It consists in choosing between the disastrous and the unpalatable." John Kenneth Galbraith

နိုင်ငံရေးဆိုတာ ယုတ္တိတန်တာကို လုပ်ခြင်းမဟုတ်ဘူး။ ဆိုးတာနဲ့ မကောင်းတာ နှစ်ခုထဲက တစ်ခုကို ရွေးရခြင်းဖြစ်တယ်။

- ဂျွန် ကက်နက် ဂါးဘရိတ်။